# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 23 , 2024 | Volume 78, Number 15


၂၃.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၁၃၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘိုကလေးမြို့နယ်မှ ဒေသထွက်ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ဒေသထွက်ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းနေကြောင်း ဘိုကလေးမြို့ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာကပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်မှ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့် အခြားဒေသများက ဝယ်ယူမှုအားကောင်းနေခြင်း ကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ မေလပထမပတ်မှ မေလ ၂၁ ရက်နေ့ထိ ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂,၀၀၀ မှ ၇၈,၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ဒေသထွက်ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက်အသေးက တစ်ပိဿာကို ငွေကျပ် ၂၂,၀၀၀ နဲ့ အကြီးက တစ်ပိဿာကို ငွေကျပ် ၇၈,၀၀၀ ထိ ဈေးပေါက်နေတာပါ။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငါးရံ့ခြောက်တွေကတော့ နွေလက်ကျန်ငါးခြောက်တွေပါ။ အခုလို အရောင်းအဝယ်ကောင်းနေတာကြောင့် ကုန်သည်တွေနဲ့ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေနေပါတယ်" ဟု ဘိုကလေးမြို့ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့်ငါးရံ့ခြောက်များကို ရန်ကုန်မြို့သို့ တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ

ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်၊ နေပြည်တော်တို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တောင်ငူခရိုင်၊ ဖြူးမြို့တွင် ဆန်နှင့်ပဲများဈေးကျ

တောင်ငူခရိုင်၊ ဖြူးမြို့တွင် ဒေသထွက်ပေါ်ဆန်းဆန်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်ရှိခဲ့ရာမှ မေလ၊ ဒုတိယအပတ်တွင် ၁၂၀,၀၀၀ ကျပ်၊ ညော့်မထ(မိုး)ဆန်မှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၈၀,၀၀၀ ကျပ်မှ ၈၅,၀၀၀ကျပ်အထိရှိခဲ့ရာမှ မေလ၊ ဒုတိယအပတ်တွင် တစ်အိတ်လျှင် ၇၈,၀၀၀ကျပ်မှ ၈၀,၀၀၀ကျပ်၊ ညော့်မထ(နွေ)ဆန်မှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၇၅,၀၀၀ကျပ်မှ ၈၂,၀၀၀ကျပ်အထိရှိခဲ့ရာမှ မေလ၊ ဒုတိယအပတ်တွင် တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်မှ ၇၅,၀၀၀ ကျပ်အထိဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာခဲ့ပါသည်။

မိုးစပါးမှာ တင်း ၁၀၀ လျှင် ကျပ်သိန်း ၂၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေပြီး နွေစပါးမှာ တင်း ၁၀၀ လျှင် ၁,၈၀၀,၀၀၀ ကျပ်မှ ၁,၉၀၀,၀၀၀ ကျပ် အထိရှိပါသည်။ ဆန်ကွဲကြီးမှာ တစ်အိတ်လျှင် ၅၀,၀၀၀ ကျပ်ဖြင့် ဈေးနှုန်းတည်ငြိမ်နေပြီး ဆန်ကွဲအသေးမှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၄၆,၀၀၀ ကျပ်ရှိခဲ့ရာမှ မေလ၊ ဒုတိယအပတ်တွင် တစ်အိတ်လျှင် ၄၅,၀၀၀ကျပ်၊ ဖွဲနုမှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၁၇,၅၀၀ ကျပ်ရှိခဲ့ရာမှ မေလ၊ ဒုတိယအပတ်တွင် တစ်အိတ်လျှင် ၁၇,၀၀၀ကျပ်ဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာခဲ့ပါသည်။

မတ်ပဲ (ပိဿာ ၃၀ ဝင်အိတ်)မှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၁၅၄,၀၀၀ ကျပ် ရှိခဲ့ရာမှ မေလ၊ ဒုတိယပတ်တွင် တစ်အိတ်လျှင် ၁၄၈,၀၀၀ ကျပ်၊ ပဲတီစိမ်းမှာ ဧပြီလဝက်ခန့်၌ တစ်အိတ်လျှင် ၁၀၀,၀၀၀ ကျပ်ရှိခဲ့ရာမှ မေလ၊ ဒုတိယပတ်တွင် တစ်အိတ်လျှင် ၉၈,၀၀၀ ကျပ်ဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာခဲ့ပါသည်။ ပဲလွန်းဖြူမှာ မေလ၊ ဒုတိယပတ်အတွင်း အရောင်းအဝယ်မဖြစ်ကြောင်း ဖြူးမြို့ရှိ ကမ္ဘာကြည့်ပွဲရုံမှသိရသည်။

**Source: DOCA(ပဲခူး)**

https://www.doca.gov.mm/my/node/20249

## အိန္ဒိယ ပဲဝယ်လိုအား မြင့်တက်သဖြင့် ပဲစင်းငုံဈေး စံချိန်တင်အမြင့်ဈေးသို့ရောက်ရှိလာ



အိန္ဒိယ၏ ပဲဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ပဲစင်းငုံ တစ်တန်ဈေး ကျပ် (၄၃) သိန်းအထက်ထိ စံချိန်တင်မြင့်တက်လာကြောင်း ကုန်စည်ဒိုင်များတွင် ဖော်ပြထားသည့် ဈေးနှုန်းများအရ သိရသည်။

ပြီးခဲ့သည့် မေ (၁၇) ရက်တွင် ပဲစင်းငုံ(Red/ RC) တစ်တန်လျှင် ငွေကျပ် ၄,၂၂၅,၀၀၀ ရှိရာမှ လက်ရှိရန်ကုန် ဈေးကွက်အတွင်း ပဲစင်းငုံ တစ်တန် (၄၃) သိန်းကျပ်အထက်သို့ ရောက်ရှိလာကြောင်း သိရသည်။

လက်ရှိ ဈေးကွက်အတွင်း၌ ပဲစင်းငုံလက်ကျန်နည်းနေပြီးလှောင်လက်ကုန်သည်များ၏ လက်ထဲတွင်သာ ပဲရှိကြောင်းသိရသည်။

ထို့ပြင် အိန္ဒိယပို့ကုန်ပဲ တစ်မျိုးဖြစ်သည့် မတ်ပဲဈေးနှုန်းမှာလည်း မေလ (၂၀)ရက်တွင် အနည်းငယ် ပြန်အေးသွားသော်လည်း တစ်တန်လျှင် ကျပ် (၃၂) သိန်းအထက်အမြင့်ဈေးတွင် ဆက်ရှိနေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ဖြစ်သည့် ပဲမျိုးစုံကို တင်ပို့နေသည့် ပြည်ပနိုင်ငံများအနက် အဓိက ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည် ။

**Source:** https://www.popularmyanmar.com/?p=159685

## ဆန်တန်ချိန် ၁၅၀၀ အား ပြည်ပသို့တင်ပို့ရန်အတွက် ဟင်္သာတဆိပ်ကမ်းမှ သင်္ဘောတင်




ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်မှ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တန်ချိန် ၁၅၀၀၊ အိတ်ရေအားဖြင့် ဆန်အိတ် ၃၀,၀၀၀ ကို ပြည်ပသို့ တင်ပို့ရန်အတွက် ဟင်္သာတဆိပ်ကမ်းမှ သင်္ဘောတင်ခြင်းလုပ်ငန်းကို ၁၃-၅-၂၀၂၄ ရက်နေ့မှစ၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့တင်ပို့ခြင်းကို ဧရာဟင်္သာကုမ္ပဏီက ဆောင်ရွက်ခြင်းဖြစ်ပြီး ဟင်္သာတမြို့ပေါ်ရှိဆန်စက်များမှ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်ဖြင့်ဝယ်ယူပြီး အာဖရိကတိုက်ရှိ အိုင်ဗရီကိုစ့်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်းသိရသည်။

ဟင်္သာတဆိပ်ကမ်းတွင် "မြန်မာ့ဂုဏ်ရည်" တွဲသင်္ဘောပေါ်သို့ သင်္ဘောတင်ခြင်းလုပ်ငန်းကို ၁၃-၅-၂၀၂၄ ရက်နေ့မှ ၂၄-၅-၂၀၂၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၅-၅-၂၀၂၄ ရက်နေ့တွင် ဟင်္သာတဆိပ်ကမ်းမှထွက်ခွာကာ ရန်ကုန်မြို့၊ ဆူးလေဆိပ်ကမ်း၌ ၁၉-၅-၂၀၂၄ ရက်နေ့တွင်ဆိုက်ကပ်မည့် နိုင်ငံခြားသင်္ဘောပေါ်သို့ ပြောင်းရွှေ့တင်ပို့မည်ဖြစ်ပါသည်။ ဟင်္သာတဆိပ်ကမ်း၌ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်များ၏အရည်အသွေး စစ်ဆေးခြင်းကို SGS ကုမ္ပဏီနှင့် COTECNA ကုမ္ပဏီတို့က လာရောက်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

DOCA(ဧရာဝတီ)

https://www.doca.gov.mm/my/node/20301

## နိုင်ငံခြားငွေလိုအပ်ချက်ကြောင့် EV တင်သွင်းမှုနှေးကွေး – SKD ယာဉ်ထုတ်လုပ်မှုလည်း အကန့်အသတ်ရှိလာ



နိုင်ငံခြားငွေလိုအပ်ချက်ကြောင့် ပြည်ပကနေ လျှပ်စစ်သုံး EV ယာဉ်တင်သွင်းမှု နှေးကွေးနေကြောင်း EV လုပ်ငန်းရှင် အသိုင်းအဝိုင်းက ပြောလာပါတယ်။

ပြည်တွင်းမှာ ဝယ်လိုအားက အထိုက်အလျောက်ရှိပြီး တင်သွင်းတဲ့သူတွေဘက်က ဒေါ်လာအခက်အခဲကြောင့် တင်သွင်းမှုနှေးကွေးနေတာလို့ ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက CarsDB ကို ပြောပါတယ်။

ပြည်တွင်း EV ဈေးကွက်အတွင်းမှာ ကားအမျိုးအစားအပေါ်မူတည်ပြီး ကျပ်သိန်း ၈၀၀ ကနေ ကျပ်သိန်း ၂၀၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေပါတယ်။ လက်ရှိမှာ အစိုးရရဲ့ စီမံကိန်းလျာထားချက်အတိုင်း ပြည့်မီအောင် တင်သွင်းနိုင်ခြင်းမရှိဘဲ EV မော်တော်ယာဉ်အစီးရေ ၄၀၀၀ နီးပါးခန့်သာ တင်သွင်းထားနိုင်တာပါ။

ဒီအရေအတွက်က စီမံကိန်းလျာထားချက်ရဲ့ ၄ ပုံ ၁ ပုံ ခန့်သာရှိတာကြောင့် အောင်မြင်မှုနှေးကွေးနေတယ်လို့ ပြောလို့ရကြောင်းသုံးသပ်ထားပါတယ်။ ယာဉ်အပိုပစ္စည်း တင်သွင်းတပ်ဆင်ထုတ်ရတဲ့ SKD ယာဉ်တွေလည်း ဒေါ်လာဈေး အပြောင်းအလဲကြောင့် ဈေးကွက်လိုအပ်ချက်အပေါ်မူတည်ပြီး အကန့်အသတ်နဲ့သာ ထုတ်လုပ်လျက်ရှိပါတယ်။ ရောင်းတဲ့အပိုင်းမှာ လိုသလောက်ပဲ ကုမ္ပဏီအလိုက်ထိန်းပြီး တင်သွင်းထုတ်လုပ်နေပါတယ်လို့ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း (MAMDA) တာဝန်ရှိသူတစ်ဦးက CarsDB ကို ပြောပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွက် SKD ကားအစီးရေ ၄၀၀ ကျော် တင်သွင်းထုတ်လုပ်ဖို့ သက်ဆိုင်ရာကနေ ပါမစ်ချခဲ့ပေမဲ့ ကုမ္ပဏီအလိုက် တစ်လကို ၁၀ စီးကနေ အစီး ၃၀ ခန့်သာ ဈေးကွက်အတွင်း ရောင်းချထားနိုင်ပါတယ်။ SKD ကားအများစုက စက်သုံးဆီသုံး ကားတွေဖြစ်ကြပြီး နိုင်ငံတော်ကနေ အခွန်စည်းကြပ်မှုအရ အခွန်ဆောင်ရလို့ EV ကားတွေနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းကြီးမြင့်နေပါတယ်။

**Source: BETV Business**

## မြန်မာ့စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိ



မြန်မာနိုင်ငံတွင် သရက်သီးစိုက်ပျိုးထုတ်လုပ်မှုအရ မြန်မာ့စိန်တလုံး သရက်သီးမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဒေသ၊ စဥ့်ကိုင်ဒေသနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးသည့်သရက်သီးအမျိုး အစားများမှာ မြကျောက်၊ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြား ငမောက်နှင့်စိမ်းချိုစသော သရက်သီးအမျိုးအစားများ ဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ရွှေဘို၊ ကန့်ဘလူ၊ ဘုတလင် မြို့နယ်များသည် စိန်တလုံးသရက်ကို အများဆုံးစိုက်ပြီး ပတ္တမြားငမောက်နှင့် စိမ်းချိုစသည့် သရက်မျိုးများစိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဘို၊ ဘုတလင်၊ ကနီမြို့နယ်များမှ စိန်တစ်လုံးသရက်သီးသည် မုံရွာမြို့ရှိဈေးများသို့ မေလဆန်းပိုင်းများစ၍ ဝင်ရောက် လာပြီး ပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်းရရှိကာ သရက်သီးပွဲရုံများတွင် တောင်းပြတ်ရောင်းချလျှင် တောင်းတစ်တောင်း ကို လက်ကားဈေး ပျမ်းမျှတစ်လုံး(၅၀၀) ကျပ်နှုန်းဖြင့် အလုံးရေ (၁၂၀) ပါ (၆၀,၀၀၀)ကျပ်ဖြင့် ရောင်းချရပါကြောင်း၊ သစ်သီးခြင်းတစ်ခြင်းလျှင် အလုံးရေ(၁၀၀)လုံးပါ ငွေကျပ် ၅ သောင်းဖြင့် ရောင်းချလျက်ရှိကြောင်း၊ ရွေးကောက်ရောင်းချလျှင် သရက်သီးအလုံး အသေး/အကြီးအမျိုးအစားပေါ်မူတည်၍ (၅၀၀)ကျပ်မှ စတင်ပြီး (၁၀၀၀)ကျပ် အထိရောင်းချရပြီး ဈေးကွက် အတွင်း အရောင်းသွက်လျက်ရှိကြောင်း၊ တစ်ရက်ရောင်းချရမှုမှာ သရက်သီးတောင်းရေ ၁၀၀ မှ ၁၅၀ ခန့်ထိရောင်းချရပြီး ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ ပို့ဆောင်ရပါကြောင်း သရက်သီးပွဲရုံမှ သိရသည်။

လက်လီဈေးသည်များသည်လည်း ဈေးကောင်းရရှိနေသောကြောင့် ပွဲရုံမှဖောက်သည်ဈေးယူကာ ထပ်ဆင့်ရောင်းချရာ တစ်ရက်လျှင် တောင်းရေ (၁၀) လုံးခန့် ရောင်းချရကြောင်းသိရှိရပြီး စိန်တစ်လုံးသရက် လှိုင်လှိုင်ပေါ်နေသည့် ယခုအချိန်တွင် ရောင်းအားအကောင်းဆုံးအချိန်ဖြစ်၍ ရောင်းချသည့် ပွဲရုံလက်ကားဒိုင်နှင့် လက်လီဈေးသည်များပါ အမြတ်အစွန်းများ ပိုမိုရရှိ ကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/Naypyitaw_23052024

## ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည့် ဖိလစ်ပိုင်နိုင်ငံ

တိုးပွားလာသောလူဦးရေကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင်လည်း ကမ္ဘာ့အများဆုံး ဆန်တင်သွင်းသူအဖြစ် ၃ နှစ်ဆက်တိုက် ဆက်လက်ရပ်တည်နေမည်ဖြစ်သည်။ ယခုခန့်မှန်းချက်ကို အမေရိကန်ပြည်ထောင်စု၊ စိုက်ပျိုးရေးဌာန (USDA) ၏ လစဉ်ထုတ် ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက် အစီရင်ခံစာတွင်ဖော်ပြထားပြီး ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးခန့်မှန်းချက်လည်း ဖြစ်သည်။

လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် လူဦးရေနှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာမှုတို့ကြောင့် စားသုံးမှုမြင့်တက် လာခြင်းအားဖြည့်ဆည်းရန် ဆန်တန်ချိန် စုစုပေါင်း ၄ ဒသမ ၂ သန်းကို တင်သွင်းမည်ဟုခန့်မှန်းထားသည်။

USDA ၏ ခန့်မှန်းချက်တွင် ဆန်ကြမ်း၊ ဆန်ညိုမှကြိတ်ခွဲပြီး ဆန်၊ ဆန်ကွဲထိ ပုံစံမျိုးစုံကို ထည့်သွင်းတွက်ချက်ထားကာ ကြိတ်ခွဲပြီး ဆန်ပမာဏကို ခန့်မှန်းထုတ်ပြန်ထားသည်။ ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့က နိုင်ငံ့လူဦးရေသည် လာမည့်နှစ်တွင် အနည်းဆုံး ၁၁၃ ဒသမ ၆၃ သန်းရှိပြီး၊ ၂၀၂၀ ပြည့်နှစ် လူဦးရေ ၁၀၉ ဒသမ ၀၃၅ သန်းထက် ၄ ဒသမ ၂ ရာခိုင်နှုန်းခန့် မြင့်တက်လာနိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နှစ်စဉ်နိုင်ငံ့လူဦးရေပျမ်းမျှတိုးတက်မှုနှုန်းသည် ၀ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်နိုင်ကြောင်း ခန့်မှန်းထားသည်။

လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း ဆန်စားသုံးမှုနှင့် လိုအပ်ချက်မှာ မက်ထရစ်တန် ၁၇ ဒသမ ၁ သန်းရှိမည်ဟု USDA က ခန့်မှန်းထားပြီး ကမ္ဘာ့ဆဋ္ဌမမြောက် ဆန်အများဆုံး စားသုံးသူအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ဆက်လက်၍ လာမည့်နှစ်တွင် ကမ္ဘာ့ဆန်စားသုံးမှုသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်ဖိလစ်ပိုင်နိုင်ငံများ၌ အဓိက တိုးတက်မှုကြောင့် စုစုပေါင်း မက်ထရစ်တန် ၅၂၆ ဒသမ ၄၀၁ သန်းဖြင့် စံချိန်သစ်တင်နိုင်ကြောင်း၊ သို့သော် ဖိလစ်ပိုင်နိုင်ငံ၏ လာမည့်နှစ် စပါးရိတ်သိမ်းမှုသည် မက်ထရစ်တန် ၁၂ ဒသမ ၇ သန်းခန့်ဖြင့် ယခုနှစ်ခန့်မှန်းချက် မက်ထရစ်တန် ၁၂ ဒသမ ၅ သန်းကို ကျော်လွန်နိုင်ကြောင်း USDA မှ သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် သတ္တမမြောက်ဆန်အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပါသည်။

အပင်ထုတ်လုပ်မှုဗျူရို၏ အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလ ၂ ရက်နေ့အထိ ဆန်မက်ထရစ်တန် ၁ ဒသမ ၆သန်းကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

**Source:**https://www.philstar.com/business

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် CAFE SHOW CHINA 2024 ပြပွဲ ကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် CAFE SHOW CHINA 2024 သို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း သိရသည်။

ယခင် ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် CAFE SHOW တွင် သံရုံးများ၊ ကော်ဖီ စိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့များနှင့် ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသခဲ့ပြီး ယခုနှစ်ကျင်းပပြုလုပ်မည့် CAFE SHOW CHINA 2024 တွင်လည်း သံရုံးများ၊ ကော်ဖီအသင်းအဖွဲ့များနှင့် ကော်ဖီလုပ်ငန်းရှင်များ လာရောက်ပြသနိုင်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏ အမည်စာရင်းအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ၁-၇-၂၀၂၄ (တနင်္လာနေ့) နောက်ဆုံးထားပြီး ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

https://myantrade.gov.mm/article/naypyitaw_23052024_230

## STOCK EXCHANGE (23.5.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,296 (Shares) | 22,056,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -200 | -2.25% | 8,800 | 8,800 | 8,600 | 264 | 2,280,300 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,950 | 2,950 | 2,850 | 6,714 | 19,135,300 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 59 | 91,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 6 | 16,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 105 | 178,550 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +100 | +2.17% | 4,700 | 4,700 | 4,700 | 1 | 4,700 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,350 | 2,350 | 2,300 | 145 | 333,650 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 23rd May. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.58 | -4.51 | -1.20% | 376.00 | 376.00 | 369.82 | 7,296 | 22,056,150 | 8 | 700,864 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd May. 2024

| Trading Volume | Trading Value |
|---|---|
| 7,296 (Shares) | 22,056,150 (MMK) |

### Main Board

As of 1:00 pm, 23rd May. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,296 (Shares) | 22,056,150 (MMK) |

| MYANPIX | 371.58 ▼4.51 |
|---|---|
| Total Volume (shares) | 7,296 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 700,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 100 |
| MAEX | 00008 | 2,300 | ▲ 0 |